# ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီး ဇမိမြစ်ရေလမ်း ခရီးသည်များ ခရီးသွားလာမှု ရပ်တန့်

**လွတ်လပ်သော မွန်သတင်းအေဂျင်စီ**
**ဇူလိုင်လ ၂ ရက်၊ ၂၀၀၃ ခုနှစ်။**

မိုတွင်းကာလတွင် မြန်မာနိုင်ငံတောင်ပိုင်း မွန်ပြည်နယ်နှင့် ထိုင်းမြန်မာနယ်စပ်မြို့ဖြစ်သော ဘုရားသုံးဆူမြို့ကို ရေလမ်းခရီးတခုတည်းဖြစ် ဆက်သွယ်ထားပြီး၊ ဒေသခံပြည်သူများ အသုံးပြုသွားလာနေသော ဇမိမြစ်ကြောင်းကို Karen Nation Union (KNU) နှင့် ဘုရားသုံးဆူမြို့ အခြေစိုက် နအဖတပ်ရင်းတို့မှ ယနေ့ ထပ်မံပိတ်ပစ်လိုက်ပြန်သည်။ ရေကြောင်းလမ်း ပိတ်ပစ်လိုက်သောကြောင့် ဒေသခံများနှင့် ခရီးသွားလာသူများ အခက်အခဲများစွာ ကြုံတွေ့ရပြီး ငြီးငြူနေကြပါသည်။

ဇမိမြစ်ကြောင်းတလျှောက်တွင် လှုပ်ရှားသွားလာနေသော KNU နှင့် နအဖစစ်ကြောင်းတို့၏ တိုက်ပွဲကြောင့် တစ်ပတ်နီးပါးအကြာ ပိတ်ထားသည့် ဘုရားသုံးဆူမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့ကို ဆက်သွယ်ပေးသော ဇမိမြစ်ရေလမ်းကို လမ်းတဝက်တပျက်တွင် ပိတ်မိနေသော ကုန်သည်များနှင့် ခရီးသည်များအတွက် ၎င်းရေလမ်းကို ဇွန်လကုန်သည့်နေ့နှင့် ဇူလိုင်လ (၁) နေ့ရက်တွင် ပြန်လည် ဖွင့်ပေးခဲ့ပါသည်။

ခရီးသည်များနှင့် ကုန်သည်များ ရေလမ်းထဲ ရှင်းလင်းသွားသည့်အခါ ယနေ့ ဤလမ်းကို နှစ်ဖက်သော စစ်တပ်တို့မှ ပြန်လည်ပိတ်ပစ်လိုက်ပြီ ဖြစ်ကြောင်း ဒေသခံတို့က ဆိုပါသည်။

ကုန်းလမ်း သွားလာမရသည့်အချိန် မိုတွင်းကာလတွင် ကုန်သည်များနှင့် ဒေသခံပြည်သူများ အားကိုးပြီး ခရီးသွားလာနေသော ဇမိမြစ်ရေကြောင်းလမ်းကို နအဖစစ်တပ်နှင့် KNU တို့က သတ်မှတ်အချိန်မရှိ ပိတ်လိုက်သည့်အတွက်ကြောင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ မပြုလုပ်နိုင်သောကြောင့် မိမိတို့ လုပ်ငန်းအစီအစဉ်များကို ဖျက်သိမ်းရမလိုဖြစ်ပြီး စိတ်ဓါတ်ကျကာ ငြီးငြူနေကြလျှက် ရှိသည်။

၎င်းရေကြောင်းလမ်းကို အချိန်ကြာကြာ ပိတ်ပစ်မည် မဟုတ်ကြောင်း မိမိတို့ထင်မှတ်သော်လည်း မြစ်ကြောင်းတွင် ဂိတ်စခန်းသစ်ကြီးတခု စတင်ဖွင့်လှစ်ပြီး အကောက်အခွန်ကောက်နေသော KNU စစ်တပ်တို့ကို ထိုးစစ်ဆင်နေသည့် နအဖတပ်ရင်းတို့ ထိုးစစ်ဆင်မှု၊ အချိန်ကြန့်ကြာမှုအပေါ်တွင် မူတည်မည် ဖြစ်ကြောင်း ဒေသခံတို့က ဆိုပါသည်။

KNU တို့က ဆန်တက်လာသော လှေများကိုလည်းကောင်း၊ စုန်ဆင်းသွားသော လှေများကိုလည်းကောင်း မိမိတို့ ဖွင့်လှစ်ထားသော ဂိတ်စခန်းကြီးသစ်အရောက်တွင် လှေလဲခိုင်းခြင်း၊ စစ်ဆေးမှုများ ပြုလုပ်ခြင်း စသည်တို့ကြောင့် ကုန်သည်များက အကောက်ခွန်ငွေပေးရမှု များပြားခြင်းနှင့် လှေစရိတ်ကုန်ကျမှု များခြင်း၊ ကုန်ပစ္စည်းများ ပျက်စီးမှု များခြင်းတို့ကြောင့် ဘုရားသုံးဆူ အခြေစိုက်တပ်ရင်းသို့ တိုင်ကြားခဲ့ပြီးနောက် ယခုကဲ့သို့ ထိုးစစ်ဆင်တိုက်ပွဲများ ဖြစ်ပွားခဲ့ရပြီး လမ်းပိတ်လိုက်ရသည်ဟု ဒေသခံများက ဆိုပါသည်။

နအဖတို့၏ ထိုးစစ်ဆင်မှုကြောင်း KNU တို့ ဂိတ်စခန်း ဖွင့်ထားသော ကျွန်းချောင်းရွာဒေသတို့ နအဖစစ်တပ်တို့မှ ကြမ်းတမ်းစွာ ထိုးစစ်ဆင်မှုကြောင့် ၎င်းရွာအနားတဝိုက်ရှိ ကျေးရွာများမှာ ကရင်ရွာသားများ ရွာမှ ထွက်ပြေး တိမ်းရှောင်ခဲ့နေကြရပါသည်။